# ကုမ္ပဏီများသို့ အသိပေးကြေညာချက်

၁။ ဖွဲ့စည်းမှတ်ပုံတင်ပြီးသည့်ကုမ္ပဏီများမှ အစုရှယ်ယာပြောင်းလဲခြင်းနှင့် ဒါရိုက်တာပြောင်းလဲခြင်း တင်ပြရာ၌ အငြင်းပွားမှုများ မရှိစေရန် MyCOစနစ်သို့ တင်ပြရာတွင် အောက်ပါ အထောက်အထားများကို mycodica2.core@gmail.com (သို့မဟုတ်) mycodica3.core@gmail.com သို့ ပူးတွဲပေးပို့ တင်ပြကြရန် အသိပေးကြေညာအပ်ပါသည်-

(က) အစုရှယ်ယာပြောင်းလဲခြင်း ပုံစံ (ဂ-၃) တင်ပြရာတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၈၃ နှင့်အညီ ဆောင်ရွက်ထားသည့် အောက်ပါစာရွက်စာတမ်းများ

(၁) အစုရှယ်ယာပြောင်းလဲတင်ပြခြင်းအပေါ် ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ အတည်ပြုဆုံးဖြတ်ချက်၊

(၂) လွှဲပြောင်းသူနှင့် လွှဲပြောင်းလက်ခံသူတို့၏ လက်မှတ်ရေးထိုးထားပြီး ကျသင့်တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားသော အထောက်အထားပါရှိသည့် သဘောတူစာချုပ်မိတ္တူ။

(ခ) ဒါရိုက်တာပြောင်းလဲခြင်း ပုံစံ(ဃ-၁)တင်ပြရာတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၈၉ နှင့်အညီ အောက်ပါတို့ကိုဆောင်ရွက်ပြီး ပုံစံတွင် ပူးတွဲတင်ပြရသည့် မှတ်ပုံတင်မိတ္တူ (သို့) Passport မိတ္တူတို့နှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်-

(၁) ကုမ္ပဏီမှ ကျင်းပပြုလုပ်သည့် ရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်၊

(၂) ဒါရိုက်တာအဖြစ်ခန့်အပ်ခြင်းကို သဘောတူကြောင်း ခန့်အပ်ခံရသူ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အထောက်အထား (သို့မဟုတ်) ဒါရိုက်တာ အဖြစ်နုတ်ထွက်ပါက နုတ်ထွက်ကြောင်းကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အထောက်အထား။

၂။ အထောက်အထားပူးတွဲ၍ တင်ပြလာသောလျှောက်လွှာပုံစံများကိုသာ စိစစ်အတည်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၁-၄-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အသိပေးကြေညာချက်ပါ နှစ်လအတွင်း တင်ပြရမည့် အထောက်အထားများကို mycodica2.core@gmail.com (သို့မဟုတ်) mycodica3.core@gmail.com သို့ ပေးပို့ပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

(ဤအသိပေးကြေညာချက်သည် ၈-၁-၂၀၂၅ ရက်နေ့မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။)

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**